# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 21 , 2022 Volume 52, Number 13

**၂၁.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၄၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၆၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၃၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်တိုင်းမှ ၃၂ ဆိုင်အပါအဝင် တိုင်းနှင့်ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၃ ဆိုင်၌ ဒီဇယ်ဆီများအား အထူးဈေးနှုန်းဖြင့် ယနေ့ (၁၉.၃.၂၀၂၂) တွင် ရောင်းချပေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့ ပူးပေါင်းစီစဉ်၍ ကုမ္ပဏီ ၁၂ ခုမှ စက်သုံးဆီအရောင်းဆိုင် ၁၁၃ ဆိုင်၌ ဒီဇယ်ဆီများအား မတ် ၁၉ ရက်(ယနေ့)တွင် အထူးဈေးနှုန်းဖြင့်ရောင်းချပေးမည်ဖြစ်သည်။

ဗဟိုဘဏ်မှတိုက်ရိုက်ရောင်းချပေးသည့် အမေရိကန်ဒေါ်လာ ၃၉ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလံ ၁၂ ဒသမ ၅၄ သန်းခန့်အား အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အထူးဈေးနှုန်းဖြင့်ရောင်းချရာတွင် ရန်ကုန်တိုင်း၌ Heyday Energy Trading Co.,Ltd , Style San Trading Enterprise Co.,Ltd , Max Energy Co.,Ltd , Yandanar Kaung Kin Gems & Jewellery Co , Aye Nyein Thar , Gon Yi Soe Trading Co.,Ltd တို့၏ စက်သုံးဆီအရောင်းဆိုင် ၃၂ ဆိုင်၌ အထူး ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်း ၁၉ ဆိုင်၊ နေပြည်တော် ၃ ဆိုင်၊ ပဲခူးတိုင်း ၁၆ ဆိုင်၊ မကွေးတိုင်း ၂ ဆိုင်၊စစ်ကိုင်းတိုင်း ၄ ဆိုင်၊ ဧရာဝတီတိုင်း ၁၄ ဆိုင်၊ တနင်္သာရီတိုင်း ၂ ဆိုင်၊ ကချင်ပြည်နယ် ၁ ဆိုင်၊ ကယားပြည်နယ် ၁ ဆိုင်၊ မွန်ပြည်နယ် ၁၃ ဆိုင်နှင့်ရှမ်းပြည်နယ် ၆ ဆိုင်တို့တွင်လည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထိုသို့ အထူးဈေးနှုန်းဖြင့်ရောင်းချရာတွင် ဒီဇယ်ဆီများအား ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဈေးနှုန်းအတိုင်းဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းဖုန်း ၀၉၄၂၁၀၀၆၇၉၄ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းသိရသည်။

Source: Popularjournal

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## လာမည့် ဧပြီလမှစတင်ပြီး နိုင်ငံတကာခရီးသွားများကို ပြန်လည်ဝင်ရောက်ခွင့်ပြုသွားမည်

မြန်မာနိုင်ငံရဲ့ နိုင်ငံတကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ လာမယ့် ဧပြီလ ၁၇ ရက်နေ့ကစတင်ပြီး နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုကို ပြန်လည်လက်ခံသွားမယ်လို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီက ကြေညာထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခြင်းကနေ ကာကွယ်ဖို့အတွက် ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့တဲ့ ၂၀၂၀ မတ်လကစတင်ပြီး လေကြောင်းအပြင် နယ်စပ်ဂိတ်ပေါက်တွေကနေ ပြည်ပခရီးသွားဝင်ရောက်ခွင့် ပိတ်ပင်ထားမှု ၂ နှစ်ကြာမှာ ပြန်လည်ရုပ်သိမ်းလိုက်ခြင်းလည်း ဖြစ်ပါတယ်။

"ဧပြီ ၁၇ ရက်နေ့မှာ နိုင်ငံတကာလေကြောင်းတွေ အားလုံးကို ဖွင့်လှစ်မှာဖြစ်ပြီး ပုံမှန်အတိုင်း ပျံသန်းနိုင်မှာပါ"လို့ ဗဟိုကော်မတီက ကိုဗစ်-၁၉ ရောဂါ ခံတတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု၊ ပိုးတွေ့မှုနှုန်းနဲ့ သေဆုံးမှုနှုန်းတို့ သိသာစွာကျဆင်းလာခြင်း အပေါ် ကိုးကားပြီး ပြောကြားခဲ့ပါတယ်။

အဆိုပါ ဆုံးဖြတ်ချက်က မြန်မာနိုင်ငံရဲ့ နိုင်ငံတကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ မြန်မာနိုင်ငံကို လာရောက်မယ့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းကို ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက်ဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဟိုတယ်/ခရီးသွားဝန်ကြီး ဦးဌေးအောင်က အာဆီယံဒေသတွင်းနိုင်ငံများထံက ဧည့်သည်တွေကို ဦးတည်ဖိတ်ခေါ်သွားမယ်လို့ အောက်တိုဘာလတုန်းက ပြောကြားထားပြီး ၂၀၂၂ ပထမသုံးလပတ်မှာ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့က ခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ဖို့ ရည်မှန်းထားလျက်ရှိပါတယ်။

ပြန်လည်ဖွင့်လှစ်မယ့် ပထမအဆင့်မှာ နိုင်ငံခြားခရီးသွား ၃ သိန်းခန့် လာရောက်မယ်လို့ ခန့်မှန်းထားပြီး နိုင်ငံ အတွင်းက ဟိုတယ်/တည်းခိုခန်း ထက်ဝက်ခန့် လုပ်ငန်းရပ်နားထားပေမယ့် အခန်းပေါင်း ၉ သောင်းခန့် ကျန်ရှိနေတယ်လို့ ဦးဌေးအောင်က ပြောထားပါတယ်။ မြန်မာ့ခရီးသွားလုပ်ငန်းက ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီ ၂၀၁၉ ခုနှစ်မှာ စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ ၆ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးခဲ့တယ်လို့ World Travel & Tourism Council က ပြောကြားထားပါတယ်။

**Source: BETV Business**

## ကြက်သွန်နီ ဈေးအနည်းငယ် ကျဆင်းလာ

**မကွေးတိုင်းဒေသကြီးအတွင်းသို့ ကြက်သွန်နီများဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိရာ မင်းဘူးမြို့နယ် ဘက်မှ မင်းဘူး၊ စလင်း၊ ဆည်တော်၊ မဲဇလီတို့မှ ကြက်သွန်နီများဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ရောက်ရှိ လာသော ကြက်သွန်နီများကို မင်းဘူးမြို့ပေါ်၊ မင်းလှ၊ ငဖဲ၊ ပဒါန်းနှင့် စစ်တွေဘက်တို့သို့ တင်ပို့ကာရောင်းချကြသည်ကိုတွေ့ရှိ ရပါသည်။**

**ကြက်သွန်နီဈေးနှုန်းအနေဖြင့် ယနေ့(၁၇.၃.၂၀၂၂)ရက်နေ့တွင် အကြီးစ(၆၀၀ိ/-)၊ အလတ်စ (၄၅၀ိ/-)နှင့် အသေးစ(၃၀၀ိ/-)ဈေးရှိခဲ့ရာ ယခင်တစ်ပတ်(၉.၃.၂၀၂၂)ရက်နေ့တွင် အကြီးစ(၈၀၀ိ/-)၊ အလတ်စ(၇၅၀ိ/-)နှင့် အသေးစ(၅၀၀ိ/-) ဈေးရှိခဲ့တို့ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အကြီးစ(၂၀၀ိ/-)၊ အလတ်စ(၃၀၀ိ/-)နှင့် အသေးစ(၂၀၀ိ/-)ဈေးတို့ အသီးသီးဈေးကျခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ တစ်ရက်လျှင် ကြက်သွန်နီအဝင် ပိဿာ(၅)သောင်းမှ (၁)သိန်းအကြား ဝင်ရောက်နေကြောင်း သိရှိရပါသည်။**

**ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်ကြက်သွန်နီဈေးဟာ အမြင့်ဈေးနဲ့ဈေးကောင်းရနေတယ်လို့ ကြက်သွန်နီကုန်သည်များ ထံမှ သိရှိရပါသည်။**

Source: **ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## နှမ်းနက်(စမုံ)ဈေးများ မြင့်တက်လျှက်ရှိ

**မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်လျှက်ရှိရာ နှမ်းနက်(စမုံ) ဈေးများ အမြင့်ဈေးနှင့် အရောင်းအဝယ်ဖြစ်နေပြီး နှမ်းနက်(စမုံ)ကို ရှယ်နှင့်ပုံမှန်ဆိုပြီး ဈေး(၂)ဈေး ဖြင့် အရောင်းအဝယ်ပြုလုပ်နေတာကို တွေ့ရပါတယ်။ ပြည်ပဝယ်လိုအားရှိသော နှမ်းများဖြစ်တဲ့အတွက် ဝယ်လိုအားအပေါ် မြင့်တက်လာတယ်လို့ သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်(စမုံ)ဈေးကတော့ အမြင့်ဆုံးဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။**

နှမ်းနက်(စမုံ)ရှယ်ဈေးကတော့ ယခင်တစ်ပတ်တွင် (၁)တင်းလျှင် (၇၆၀၀၀ိ/-)ဈေးနှင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခုတစ်ပတ်မှာတော့ (၁)တင်းလျှင် (၈၄၀၀၀ိ/-)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ အတွက် (၈၀၀၀ိ/-)ဈေးတက်ခဲ့ပြီး နှမ်းနက် (စမုံ)ပုံမှန်ဈေးကတော့ ယခင်တစ်ပတ် (၁)တင်းလျှင် (၇၄၀၀၀ိ/-)ဈေးနှင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခုတစ်ပတ်မှာတော့ (၁)တင်းလျှင် (၈၃၀၀၀ိ/-)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် (၉၀၀၀ိ/-) ဈေးတက်ခဲ့ကာ အမြင့်ဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်သတင်းများအရ သိရှိပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## ပြည်တွင်း၌ ကြက်သွန်နီ အရောင်းအဝယ်အေးလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့်သာ ပေါက်ဈေးရှိ



https://yadanarbonnews.com/index.php/dailynews

ပြည်တွင်း၌ ကြက်သွန်နီအရောင်းအဝယ် အေးလာခြင်းကြောင့် မန္တလေး ဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ်၄၀၀ ခန့်သာ ပေါက်ဈေးရှိကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ ယခုလက်ရှိ မြစ်သားနှင့်ပခုက္ကူဘက်မှ ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသော်လည်း အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းများအကျဘက်သို့ ပြန်လည်ရောက်ရှိလာကြောင်း၊ အလားတူ ရန်ကုန်အပါအဝင် အခြားမြို့ကြီးများတွင်လည်း ကြက်သွန်နီ အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ အခုက ပြည်ပကလဲ ကြက်သွန်နီ အဝယ်နည်းလာတယ်။ ပြည်တွင်းမှာကလဲ ကုန်သည်တွေအနေနဲ့ဝယ်ယူမှုနည်းလာတယ်။ ကြက်သွန်နီကုန်ကြမ်းတွေက ဈေးကွက်အတွင်း ပေါများ နေပြီး ဝယ်ယူမှုနည်းတော့ ဈေးနှုန်းတွေကပါ ပြန်ပြီးကျလာတယ်ဟု ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ ယခင်က မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်သောကြောင့်မန္တလေးဈေးကွက်အတွင်း တစ်ပိဿာ လျှင်ငွေကျပ် ၁၁၀၀ ထိပေါက်ဈေးရှိခဲ့ပြီး လက်ရှိတွင် အရောင်းအဝယ်အေးလာခြင်းကြောင့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့်သာ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2320-2022-03-20-03-08-16

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိုးနှမ်းစိုက်တောင်သူများ နှမ်းဈေးကောင်းသဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိ



https://www.myawady.net.mm/node/23384

စစ်ကိုင်းတိုင်းဒေသကြီး၌ ပြီးခဲ့သည့်မိုးရာသီက စိုက်ပျိုးခဲ့သောမိုးနှမ်းများ ရိတ်သိမ်းခဲ့ရာ လက်ရှိနှမ်းဈေးကောင်းမွန်သဖြင့် နှမ်းစိုက်တောင်သူများ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ဝင်း၏ ပြောပြချက်အရသိရသည်။ ပြီးခဲ့သည့်မိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းကို နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ရိတ်သိမ်းခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ကျော်ဖြင့်စတင်ခဲ့ရာ လက်ရှိတွင် တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။

နှမ်းကို နှစ်စဉ်ဧက တစ်သိန်းဝန်းကျင်လောက်အထိ စိုက်ပျိုးကြတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင်အတွင်းမှာ နှမ်းဧက ၇၀၀၀၀ ကနေ ၈၀၀၀၀ ဝန်းကျင်အထိ စိုက်ပျိုးတယ်။ နှမ်းနဲ့ပတ်သက်ပြီး ဈေးကွက်အနေအထား အရ စားသုံးဆီသာမက ပိုလျှံတဲ့နှမ်းတွေကို မန္တလေးဈေးကွက်နဲ့ ရန်ကုန်ဈေးကွက်ကို တင်ပို့နေပါတယ်။ ဒီနှစ် နှမ်းဈေးကွက် ကောင်းတယ်လို့ ပြောလို့ရတယ်။

တချို့ဆိုရင် စိုက်ပျိုးရေးနဲ့ဆက်စပ်ပြီး မျိုးစေ့ထုတ်တဲ့လုပ်ငန်းတွေ၊ မျိုးစေ့ပွားတဲ့လုပ်ငန်းတွေလုပ်တာရှိတယ်။ မျိုးအဖြစ် ရောင်းမယ်ဆိုရင် တောင်သူတွေအနေနဲ့ တစ်တင်းကို ငွေကျပ် ၁၂၀၀၀၀ နဲ့ ရောင်းရတယ်ဆိုရင် ပိုပြီးအကျိုးအမြတ်ရတယ်။

လက်ရှိမှာ နှမ်းဈေးကွက်ကို ကြည့်မယ်ဆိုရင် ဈေးကွက်ကောင်းမွန်တဲ့ အနေအထားဖြစ်ပါတယ်ဟု ဦးအောင်ကြည်ဝင်းကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးနှမ်း ၄၂၉၄၇၂ ဧကစိုက်ပျိုးခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ၅၅၇၉၅၂ ဧကစိုက်ပျိုးထားကာ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင်လည်း နွေနှမ်း ၁၇၄၈၉ ဧက စိုက်ပျိုးနိုင်ရေးလျာထားကြောင်း သိရသည်။

**Source:** https://www.myawaddy.net.mm/node/23384

## ပုသိမ်ဒေသထွက် ပုသိမ်ထီးကို ထီးရွက်ပေါ်တွင် ပန်းချီဒီဇိုင်းဆင်တူ၊ အရောင်ဆင်တူဖြင့် မှာယူမှုများရှိလာ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဒေသထွက်ပုသိမ်ထီးကို လက်ရှိကာလ၌ အလှူမင်္ဂလာ အခမ်းအနားများအတွက် ထီးရွက်ပေါ်တွင် ပန်းချီဒီဇိုင်းဆင်တူ၊ အရောင်ဆင်တူဖြင့် မှာယူမှုများရှိလာကြောင်း ပုသိမ်မြို့နယ် ဧရာနဒီ ထီးလုပ်ငန်းပိုင်ရှင် ဒေါ်ကြူကြူသင်းကပြောပြ၍သိရသည်။

လက်ရှိ ပုသိမ်ထီးလုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး၊ အသုံးပြုသည့်ပိတ်စများမှာလည်း ဈေးနှုန်း အပြောင်းအလဲများရှိလာကြောင်း၊ ပုသိမ်ထီးဈေးနှုန်းများမှာ အရွယ်အစားလိုက်၍ တစ်လက်လျှင် ငွေကျပ် ၅၀၀၀ မှစ၍ ငွေကျပ် ၈၀၀၀၀၊ ၁၀၀၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

"အရင်တုန်းက ပုသိမ်ထီးကို ရန်ကုန်တိုင်းဒေသကြီးက အမှာများတယ်။ အိမ်တွေ၊ ဟိုတယ်၊ မိုတယ်တွေမှာ အလှဆင်တဲ့ ထီးအသေးလေးတွေ၊ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွက် ထီးအသေးလေးတွေ မှာတာ များတယ်။ အခုနောက်ပိုင်း မွန်ပြည်နယ်ဘက်က အမှာများသွားတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ပြည်ပခရီးသွား မရှိတော့သည့်အတွက် အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်နဲ့ ဟိုတယ်၊ မိုတယ်ဘက်ကမမှာကြတော့ဘူး။ မွန်ပြည်နယ်ဘက်ကျတော့ အလှူမင်္ဂလာပွဲတွေအတွက် ထီးတွေအမှာရှိတယ်။ ဒါပေမဲ့ အထူးအပ်ထည်သဘောမျိုး လုပ်ပေးရတယ်။ ထီးအရွက်မှာ သူတို့ဆွဲခိုင်းတဲ့ ပန်းချီဒီဇိုင်းရေးဆွဲပေးရတယ်။ အလှူမင်္ဂလာပွဲမှာ ဝတ်မဲ့ဝတ်စုံနဲ့ တိုက်ပြီးတော့ ထီးအရွက်အရောင်ကို လုပ်ပေးရတယ်" ဟု ပုသိမ်မြို့နယ် ဧရာနဒီထီးလုပ်ငန်းပိုင်ရှင် ဒေါ်ကြူကြူသင်းက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်ဆိပ်ကမ်း၌ ပြည်ပနိုင်ငံများသို့တင်ပို့ရန် ဆန်တင်သင်္ဘော ငါးစင်းဆိုက်ကပ်



https://www.myawady.net.mm/node/23323

ရန်ကုန်ဆိပ်ကမ်း၌ ပြည်ပနိုင်ငံများသို့တင်ပို့ရန် ဆန်တင်သင်္ဘော ငါးစင်း ဆိုက်ကပ်လျက်ရှိကြောင်း ပြည်ပသို့ဆန်တင်ပို့သူများ၏ ပြောကြားချက်အရသိရသည်။ ထိုသို့ဆိုက်ကပ်ရာတွင် ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်နှင့်စပိန်စသည့် နိုင်ငံများသို့တင်ပို့မည့်သင်္ဘောများဖြစ်ကြောင်း သိရသည်။

''လက်ရှိ ရန်ကုန်ဆိပ်ကမ်းမှာ ဆန်တင်သင်္ဘောငါးစင်း ဆိုက်ကပ်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ဆန်အဝင်ပုံမှန်ရှိနေတော့ အရောင်းအဝယ်ကောင်းပါတယ်။ နယ်ဆန်စပါးဈေးကွက်ကလည်း ကောင်းနေပါတယ်''ဟု ပြည်ပသို့ ဆန်တင်ပို့သူတစ်ဦးကပြောသည်။

နွေစပါးသည် လာမည့်လအတွင်း လှိုင်လှိုင်ပေါ်နိုင်သော်လည်း ယခုနှစ်အတွင်း လယ်သမားတစ်ဦးချင်းစီ၏ ရေပေးဝေနိုင်မှုအခြေအနေနှင့် သွင်းအားစုသုံးစွဲနိုင်မှု အခြေအနေများအပြင် တချို့ဒေသများ၌ စိုက်ပျိုးမှုလျော့ကျလာခြင်းတို့ကြောင့် အထွက်နှုန်းလျော့ကျနိုင်ကြောင်းသိရသည်။

ထို့ကြောင့် ပြည်ပတင်ပို့သူများနှင့် ပြည်တွင်းဝယ်လိုအားများကြောင့် စပါးဈေးနှုန်းများမှာလည်း ဈေးကောင်းရနိုင်ကြောင်း၊ ဘုရင့်နောင်ဈေးကွက်သို့ ဆန်အဝင်ပုံမှန်ရှိနေပြီး နွေစပါးလှိုင်လှိုင်ပေါ်ချိန်မှသာ ဆန်အဝင်ပြန်လည်များပြားနိုင်ကြောင်း၊ မတ် ၁၅ ရက်တွင် ရက် ၉၀ ဆန်အသစ်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၄၅၀၀ အထိ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23323

## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် တစ်သိန်းခန့်တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၃၃၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်



https://news-eleven.com/article/227747

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှတဆင့် ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် တစ်သိန်းခန့်တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၃၃၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်းခန့် တင်ပို့မှုမှ ဒေါ်လာ ၃၃သန်းခန့် ရရှိခဲ့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ တန်ချိန် ၄၁၈၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၅၃၀၀ ခန့်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တန်ချိန် ၂၂၃၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်ဝယ်ယူသော နိုင်ငံစာရင်းများအနေဖြင့် ဂီနီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀၀ ခန့်၊ အိုင်ဗရီကိုစ့်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၃၀၀ ခန့်၊ တရုတ်နိုင်ငံသို့ ဆန် တန်ချိန် ၈၃၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၃၀၀၀ ကျော်၊ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ခန့်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၀၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၅၀ ခန့်၊ အီးယူအဖွဲ့ဝင် နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၈၀၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၅၀ ခန့်နှင့် ဂျာမနီနိုင်ငံသို့တန်ချိန် ၃၅၀ ခန့်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု တန်ချိန် ၁၁၀၀၀ ကျော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၅ တန်ခန့်ဖြင့် စုစုပေါင်း နယ်စပ်လမ်းကြောင်းမှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၀၀ ကျော်တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းခန့် ရရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၆၀၀ ကျော်၊ တန်ဖိုး ဒေါ်လာ ၃၆ ဒသမ ၅၄၅ သန်းကျော်ရရှိခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန်ချိန် ၇၅၀၀၀ ကျော် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၂၂ ဒသမ ၇၉၁ သန်းကျော် ရရှိခဲ့သည်။ ဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၈၆၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၃၁၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၈၇၀ ကျော်နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၀၀၀ ခန့် တင်ပို့ခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၇၀၀ ကျော်၊ စုစုပေါင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၆၀၀၀ ခန့်တင်ပို့မှုမှ တန်ဖိုး ဒေါ်လာ ၁ ဒသမ ၇၈၁ သန်းကျော်ရရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှဆန်ကွဲတန်ချိန် ၈၀၀၀၀ ကျော်၊ ဒေါ်လာသန်း ၂၄ ဒသမ ၅၇၂ ခန့်ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၉၁၆၀၀ ကျော်တင်ပို့ခဲ့မှုမှ တန်ဖိုး ဒေါ်လာ ၆၁ ဒသမ ၁၁၇ သန်းရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၇၀၀ ဒသမ ၁၃ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ **Source:** https://news-eleven.com/article/227747

## လပွတ္တာမြို့နယ်မှ ထွက်ရှိသော ပင်လယ်ငါးခြောက်များ အရောင်းသွက်နေ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ထွက်ရှိသောပင်လယ်ငါးခြောက်များ မတ်လအတွင်း အရောင်းသွက်လျက်ရှိကြောင်း လပွတ္တာမြို့ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းများမှ သိရသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသော ပင်လယ်ငါးခြောက်များဖြစ်သည့် ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူ၊ ငါးကွမ်းရှပ်၊ ငါးရောင်၊ ငါးပုတ်သင်၊ ငါးလိပ်ကျောက်စသည့် ပင်လယ်ငါးခြောက်များ အများဆုံးအရောင်းသွက်နေကြောင်း၊ ငါးခြောက်များ အရောင်းသွက်နေခြင်းမှာလာမည့် သင်္ကြန်ကာလတွင် အလှူအတန်းပြုလုပ်ရန်နှင့် အိမ်စားသုံးရန်အတွက် ကြိုတင်ဝယ်ယူမှုများ ရှိလာခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်းသိရသည်။

“အရင်နှစ်ကနေဆက်တိုက်ဆိုသလို ရောင်းအားတွေ လျှော့ကျခဲ့တာဖြစ်ပါတယ်။ လက်ရှိ မတ်လအတွင်းမှာတော့ အိမ်စားသုံးသူတွေ၊ ပြန်ရောင်းသူတွေ ဖောက်သည်တွေက သင်္ကြန်ကာလအတွက် ကြိုတင်ဝယ်ယူမှုတွေရှိလာလို့ ရောင်းအားတွေ တက်နေတာဖြစ်ပါတယ်။ ပုသိမ်ဘက်နဲ့ ရန်ကုန်ဘက်က မှာယူမှုတွေရှိနေပြီး မှာယူတဲ့ကုန်ပစ္စည်းတွေကို ထုပ်ပိုးပေးပြီး အရောက်လိုက်လံပို့ဆောင်ပေးနေရပါတယ်” ဟု လပွတ္တာမြို့ရှိ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုလှိုင်ကပြောပြသည်။

လပွတ္တာမြို့နယ်ရှိ ပင်လယ်ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက်ပင်လယ်ငါးခြောက်အစုံ ပိဿာချိန် ၅၀၀ မှ ၁၀၀၀ ထိ ရန်ကုန်မြို့နှင့်ပုသိမ်မြို့သို့ တင်ပို့လျက်ရှိကြောင်း၊ ထို့နောက် ရန်ကုန်မှတစ်ဆင့် နေပြည်တော်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ်အတွင်း ငါးကွမ်းရှပ်(ငါးညို)ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၊ ငါးပုတ်သင်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၀၊ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀၊ ငါးရောင်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရခိုင်ပြည်နယ်တွင် အရည်အသွေးကောင်းမွန်သည့် ဆားများထုတ်လုပ်ပြီး ဆားပိဿာချိန် တစ်သိန်းငါးသောင်းခန့် ဈေးကွက်အတွင်းဖြန့်ဖြူးထား



Source: ရတနာပုံသတင်းစာ

ရခိုင်ပြည်နယ်တွင် အရည်အသွေးကောင်းမွန်သည့် ဆားများထုတ်လုပ်ပြီး လက်ရှိတွင် ဆားပိဿာချိန် တစ်သိန်းငါးသောင်းခန့် ဈေးကွက်အတွင်း ဖြန့်ဖြူးထားကြောင်း ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂြင်ဂြီးကျေးရွာတွင် ဆားကွင်းဧက ၅၀ ကို ပလတ်စတစ်အခင်းဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နေလှန်းစမ်းသပ်ထုတ်လုပ်ပြီး မတ်လဒုတိယပတ်က စတင်ဖြန့်ဖြူးခဲ့ရာ မတ်လတတိယပတ်တွင် ဆားပိဿာချိန် တစ်သိန်းငါးသောင်း ခန့် ဈေးကွက်အတွင်း ဖြန့်ဖြူးထားကြောင်း သိရသည်။

“နိုင်ငံခြားကမှာတဲ့ ဆားတွေက အခုချိန်မှာ ဈေးနှုန်း ၁၀ ဆလောက် မြင့်ပြီးတော့ ပစ္စည်းရောက်ဖို့မသေချာဘူး။ ကိုယ့်ပြည်တွင်းက ဆားဆိုရင် ဈေးနှုန်းလဲသက်သာမယ်။ ပစ္စည်းရောက်ဖို့ကလဲ သေချာတယ်။ ဒါကြောင့် ကိုယ့်ပြည်တွင်းက ထွက်တဲ့ အရည်အသွေးပြည့်မီတဲ့ဆားကို သုံးစေချင်ပါတယ်။ အခုထုတ်လုပ်ထားတဲ့ ဆားတွေက အရည်အသွေးကောင်းတယ်။ အဆင့်အတန်းမီတယ်။ အရောင်အသွေးလဲ ဖြူတယ်” ဟု ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောပြ သည်။

ရခိုင်ပြည်နယ်တွင် နေလှန်းဆားများကို ပလတ်စတစ်အခင်းဖြင့် စမ်းသပ်ထုတ်လုပ်နေမှုကြောင့် အလေအလွင့်နည်းပါးပြီး အရည်အသွေးလည်း ကောင်းမွန်လာကြောင်းသိရသည်။

Source: ရတနာပုံသတင်းစာ

## စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ၅၄ ရာခိုင်နှုန်းသည် ၎င်းလုပ်ငန်းတွင် Drone များအား တွင်ကျယ်စွာအသုံးပြုရန် ဆန္ဒရှိနေကြကြောင်း အမေရိကန်ကုမ္ပဏီ DroneDeploy ၏ သုတေသနစစ်တမ်းတွင်ဖော်ပြ



စိုက်ပျိုးရေးလုပ်ငန်းသုံး Drone နည်းပညာနှင့် ပတ်သက်၍ သုတေသနပြုစစ်တမ်း Drone Industry Situation 2022 ကိုပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၏ ၅၄ ရာခိုင်နှုန်းသည် ၎င်းတို့၏လုပ်ငန်းတွင် Drone များအား တွင်ကျယ်စွာ အသုံးပြုရန်အတွက် ရင်းနှီးမြှုပ်နှံရန်ဆန္ဒရှိကြကြောင်း အမေရိကန်ကုမ္ပဏီ DroneDeploy ၏ သုတေသနတွေ့ရှိချက်များအားထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

နိုင်ငံပေါင်း ၄၀ ကျော်ရှိ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့်ဆောက်လုပ်ရေးကဏ္ဍတို့အပါအဝင် စီးပွားရေးကဏ္ဍပေါင်း ၂၀ တို့၌ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင် ၇၆၆ ဦးတို့အား ကုမ္ပဏီက သုတေသနပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၏ ၃၃ ရာခိုင်နှုန်းသည် ၎င်းတို့၏စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးဖြန်းခြင်း၊ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် မြေနမူနာများရယူခြင်းတို့ဆောင်ရွက်ရာ၌ Drone နည်းပညာများကိုစတင်အသုံးပြုရန် ပြင်ဆင်လျက်ရှိကြောင်း၊ စွမ်းအင်ကုမ္ပဏီများတွင် Drone နည်းပညာအားတွင်ကျယ်စွာအသုံးပြုနေ သကဲ့သို့ ဒီဂျစ်တယ်စိုက်ပျိုးရေးလုပ်ငန်းများ၏ ၆၈ ရာခိုင်နှုန်းတွင် Drone နည်းပညာများ အသုံးပြုလျက်ရှိပြီး ၂၁ ရာခိုင်နှုန်းတွင် sensor နည်းပညာများအသုံးပြု၍ စိုက်ပျိုးမြေအစိုဓာတ်စစ်ဆေးခြင်း၊ အပင်ဖျက်ပိုးမွှားများကာကွယ်ခြင်းနှင့် သီးနှံစိုက်ခင်းအခြေအနေစောင့်ကြည့် လေ့လာခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း ကုမ္ပဏီ၏သတင်းတွင် ဖော်ပြထားသည်။

Drone နည်းပညာအား ထိရောက်စွာအသုံးချနိုင်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကုန်သက်သာခြင်း၊ လူလုပ်အားများလျှော့ချနိုင်ခြင်းနှင့် အချက်အလက်များလွယ်ကူစွာ ကောက်ယူနိုင်ခြင်းစသည့်အကျိုးကျေးဇူးများအပြင် သီးနှံအထွက်နှုန်းများလည်း သိသိသာသာ တိုးတက်ခဲ့ကြောင်း၊ အခြားလုပ်ငန်းများထက် စိုက်ပျိုးရေးလုပ်ငန်းတွင် Automation နည်းပညာသည် အလွန်အရေးပါကြောင်းတို့ကို လုပ်ငန်းရှင်များ၏ ၅၇ ရာခိုင်နှုန်းကဖြေကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းတွင် လူလုပ်မှတ်ဉာဏ်တုနည်းပညာအသုံးပြုသည့် စက်ရုပ်များသည် အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် လာမည့်နှစ်အနည်းငယ်တွင် Drone နည်းပညာအသုံးပြုမှုသည် စိုက်ခင်းမြေပုံထုတ်ခြင်းများအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ၌ တွင်တွင်ကျယ်ကျယ်အသုံးပြုလာရန် ယုံကြည်လျက်ရှိကြောင်းကို စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ၅၄ ရာခိုင်နှုန်းကဖြေကြားခဲ့ကြောင်း ကုမ္ပဏီ၏ သုတေသနတွေ့ရှိချက်သတင်းထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

Source: canalrural.com.br

**ထွန်းအောင်ဖော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ရုရှား-ယူကရိန်း စစ်ရေးအခြေအနေ၏ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်မှုအခြေအနေ

ရုရှားနိုင်ငံသည် ရေနံနှင့်သန့်စင်ပြီး ရေနံထုတ်ကုန် များကို ကမ္ဘာ့ရေနံဈေးကွက်သို့ အဓိကထုတ်လုပ် တင်ပို့လျက်ရှိသည့် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ရာ၊ ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံမှ ကျူးကျော်မှုအတွက် ဒဏ်ခတ်မှုအဖြစ် ရုရှားရေနံတင်သွင်းမှုကို အမေရိကန် နိုင်ငံက တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်း များသည် ၂၀၂၂ ခုနှစ်၊ မတ်လအစောပိုင်းကာလတွင် ၂၀၀၈ ခုနှစ်နောက်ပိုင်းကာလ၌ အမြင့်ဆုံးသောအခြေအနေအဖြစ် သို့ ထပ်မံရောက်ရှိလာခဲ့ပါသည်။




တောင်ကိုရီးယားနိုင်ငံသည် ရုရှားရေနံစိမ်းအပေါ် အလွန်အမင်းမှီခိုနေရပြီး၊ နိုင်ငံ၏ရေနံဓာတုစက်မှုလုပ်ငန်းတွင် အဓိကကုန်ကြမ်းများထဲမှ တစ်ခုဖြစ်သည့် Naphtha လေးပုံတစ်ပုံနီးပါး၏ အရင်းအမြစ်သည် ရုရှားနိုင်ငံမှဖြစ်သောကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခသည် ရေနံဓာတုလုပ်ငန်းလုပ်ကိုင်သော တောင်ကိုရီးယားကုမ္ပဏီများအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါအခြေအနေ၏ သက်ရောက်မှုအဖြစ် ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း (Korea National Oil Corporation) ၏ စာရင်းများအရ ၂၀၂၂ ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း တောင်ကိုရီးယားနိုင်ငံတစ်နိုင်ငံလုံးရှိ ဓာတ်ဆီဆိုင်များ၏ ပျမ်းမျှဓာတ်ဆီဈေးနှုန်းသည် ကိုရီးယားဝမ် (၁,၈၄၅) မှ (၂,၀၀၀) ကျော်ဝန်းကျင် (အမေရိကန်ဒေါ်လာ ၁.၅ မှ ၂ ဝန်းကျင်ခန့်အထိ) မြင့်တက်ခဲ့ရာ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း (၇)နှစ်ကျော်တာ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ အမြင့်ဆုံး စက်သုံးဆီဈေးနှုန်း အခြေအနေများဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းကြောင့် ဆက်စပ်လျက်ရှိသော Supply Chain တစ်လျှောက်ရှိ ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေလဲနှုန်းများ ဖောင်းပွမြင့်တက်လာခြင်းစသည်တို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်/သွင်းကုန် ကဏ္ဍတွင်လည်း အဓိကအားဖြင့် သွင်းကုန်တန်ဖိုးများမြင့်တက်၍ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀) ရက်တာထိ ကုန်သွယ်မှုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၃၉) ဘီလီယံဖြစ်ပေါ်လျက်ရှိပြီး၊ ကုန်သွယ်မှုကိုမှီခိုအားထားရသော နိုင်ငံ၏စီးပွားရေးအပေါ် ဖိအားများ မြင့်တက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP) သည် (၄) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးသည့်နောက် ၂၀၂၂ ခုနှစ်အတွက် (၃) ရာခိုင်နှုန်း ဆက်လက်တိုးတက်ရန် ကိုရီးယားဗဟိုဘဏ်(The Bank of Korea – BOK) ကခန့်မှန်းထားပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနက (၃.၁) ရာခိုင်နှုန်းခန့် တိုးတက်ရန်မျှော်မှန်းထားပါသည်။

Source: The Korea Customs Services၊ Korea National Oil Corporation

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ထိုင်းနိုင်ငံ၏ ကြက်သားစက်ရုံများသည် ဆော်ဒီသို့တင်ပို့ရန်ခွင့်ပြုချက်ရရှိခြင်း

(၁၈)နှစ်ကြာ ပြည်ပတင်ပို့မှုရပ်ဆိုင်းခဲ့ပြီးနောက် ထိုင်းကြက်သားစက်ရုံ(၁၁)ရုံတို့သည် ဆော်ဒီအာရေဗျနိုင်ငံ၏ ခွင့်ပြုချက်ကိုရရှိကာ လတ်ဆတ်သည့်အအေးခဲ(Chilled and Frozen fresh Chicken) ကြက်သားများကို မတ်လ(၁၃)ရက်နေ့မှ စတင်၍ တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း၊ ဆော်ဒီအာဏာပိုင်များအနေဖြင့် အဆိုပါကြက်သားစက်ရုံများကို ယမန်နှစ်က စစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စမှာထိုင်းနိုင်ငံအတွက်သာမကဘဲ ကြက်သားထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးအတွက် သတင်းကောင်းဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။ ဆော်ဒီအာရေဗျသည် လက်ရှိအားဖြင့် တစ်နှစ်လျှင် ကြက်သား တန်ချိန် (၅၉၀,၀၀၀) တင်သွင်းလျှက်ရှိကြောင်း၊ (၇၀%)ကို ဘရာဇီးမှလည်းကောင်း၊ ကျန်(၃၀%)ကို ယူကရိန်းနှင့်ပြင်သစ်မှလည်းကောင်းတင်သွင်းလျှက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါဆော်ဒီအာရေဗျနိုင်ငံ၏ခွင့်ပြုချက်ကြောင့် ထိုင်းနိုင်ငံအနေဖြင့်ဆော်ဒီဈေးကွက်ဝေစုပိုမိုရရှိရန် အခွင့်အလမ်းများ ရရှိလာမှာဖြစ်ကြောင်း၊ မိမိအနေဖြင့် အမြဲတမ်းအတွင်းဝန်နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့အား ပြည်တွင်းကြက်သားဈေးအပေါ် ထိခိုက်မှုအနည်းဆုံးဖြင့် ဆော်ဒီသို့ကြက်သားတင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍများနှင့် ထိုင်းအစ္စလာမ့်မစ်ဗဟိုကောင်စီတို့နှင့် ဆွေးနွေးပြင်ဆင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားကြောင်း ဝန်ကြီး

မစ္စတာဂျူရင်ကပြောကြားခဲ့ပါသည်။

မစ္စတာဂျူရင်ကဆက်လက်၍ ၎င်းအနေဖြင့် ဆော်ဒီသို့အခြားထုတ်ကုန်များ တင်ပို့မှုအရှိန် မြှင့်တင်နိုင်ရေးကိုလည်း ရည်မှန်းထားကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ဆော်ဒီသို့သွားရောက်လည်ပတ်ရန်လည်း စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပါသည်။

ယမန်နှစ်က ထိုင်းနိုင်ငံ၏ အေးခဲနှင့်ပြုပြင်ထားသော ကြက်သားများ ပြည်ပတင်ပို့မှုမှာ တန်ချိန်အားဖြင့် (၉၁၂,၉၀၀)တန်ရှိပြီး တန်ဖိုးအားဖြင့်ဘတ်ငွေ(၁၀၂,၅၂၉)ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Phusit Ratanakul Sereroengrit က ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှဆော်ဒီအာရေဗျနိုင်ငံသို့ ကြက်သားတင်ပို့မှုအနေဖြင့် တန်ဖိုးအားဖြင့် ဘတ်ငွေ(၅၆.၉) ဘီလီယံ ရှိခဲ့ကြောင်းနှင့် ၂၀၀၃ခုနှစ်တွင်ဘတ်ငွေ(၄.၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းနောက်တွင် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့မှုကြောင့် ထိုင်းနိုင်ငံမှ ဆော်ဒီသို့ ကြက်သားတင်ပို့မှုမရှိခဲ့ကြောင်းပြောကြားခဲ့ပါသည်။

Mr. Phusit ၏ အဆိုအရ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ထိုင်းပုဂ္ဂလိက ကဏ္ဍနှင့် ဆွေးနွေးတိုင်ပင်ပြီးပြည်တွင်းစားသုံးမှုနှင့်ဈေးနှုန်းတို့အပေါ်သက်ရောက်မှုအနည်းဆုံးဖြင့် ပို့ကုန်မြှင့်တင်သွားရန်မူအရ ယခုနှစ်အတွင်း ဆော်ဒီအာရေဗျသို့ ကြက်သားတင်ပို့မှု အလားအလာအပေါ်အကဲဖြတ်ရန် စောလွန်းနေသေးကြောင်း သိရှိရပါသည်။

Source: Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (21.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 7,900 | 35 | 277,900 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,850 | 2,850 | 2,800 | 1,052 | 2,948,200 | 38,929,150 | 109,002 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | -500 | -2.63% | 18,500 | 18,500 | 18,500 | 95 | 1,757,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 3 | 7,800 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | -150 | -5.26% | 2,700 | 2,700 | 2,700 | 1 | 2,700 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


### Market summary

As of 21st Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.39 | -2.80 | -0.75% | 372.19 | 373.31 | 367.49 | 1,186 | 4,994,100 | 7 | 642,598 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 21st Mar. 2022

| MYANPIX | 369.39 ▼ 2.80 |
|---|---|
| Total Volume (shares) | 1,186 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 642,598 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▼ 500 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,700 | ▼ 150 |
| AMATA | 00007 | 5,100 | ▲ 0 |

TIR